# CITIZEN ACTION FOR TRANSPARENCY



# “ဆင်ခြေဖုံးရပ်ကွက်ထဲက ငါးရှဉ့်ဖမ်းသူရဲ့ မိုးသောက်ချိန်”



မနက်အရုဏ်တက်လို့ မိုးသောက်ပြီဆိုတာနဲ့ ကိုအေးဝင်း(အမည်လွှဲ)ဟာ ထောင်ထားတဲ့ ငါးရှဉ့်မြုံးတွေကိုပြန်သိမ်းဖို့ ဘေးတွဲဆိုင်ကယ်တစ်စီးနဲ့ ထွက်လာခဲ့ပါတယ်။

အချိန်အတိအကျပြောရရင်တော့ မနက် (၆)နာရီဆိုတာနဲ့ သူ စထွက်ဖို့ ပြင်ဆင်နေပါပြီ။ မနက် (၉)နာရီလောက်ဆို သူ့ရဲ့ အဝါရောင်ပုံးတွေထဲမှာ ငါးရှဉ့်တွေ လှုပ်လှုပ်ရွရွနဲ့ ရောက်ရှိလို့နေပါပြီ။

မြုံးတွေကိုအကုန်လုံးလိုက်သိမ်းပြီးတာနဲ့ အဝယ်ဒိုင်ဆီကို တစ်ခါတည်းသွားပြီး ဖမ်းလို့ရသမျှ ငါးရှဉ့်တွေကို ရောင်းချပါတယ်။ အဲဒီကရလာတဲ့ ပိုက်ဆံတွေနဲ့ သူ့ မိသားစုစားဝတ်နေရေးအတွက် ပြန်ပြီး သုံးစွဲလိုက်ပါ တယ်။

ကိုအေးဝင်းဟာ နေ့ခင်းဘက်ဆို ငါးရှဉ့်ဖမ်းဖို့အတွက် အစာတွေလုပ်ပါတယ်။ ညနေ (၃) နာရီကျော်ဆို ဘေးတွဲ ဆိုင်ကယ်ပေါ်ကို မြုံးတွေချိတ်ပြီး ငါးရှဉ့်ထောင်ဖို့အတွက် ဖမ်းနေကြနေရာတွေဆီကို ထွက်လာခဲ့ပါတယ်။

သူအများဆုံး ငါးရှဉ့်လိုက်ဖမ်းတဲ့နေရာတွေက တောင်ဒဂုံ၊ ဒဂုံဆိပ်ကမ်း၊ အရှေ့ဒဂုံ စတဲ့မြို့နယ်တို့မှာ ငါးရှဉ့်မြုံးလိုက်ထောင်ပြီး တခါတစ်ရံ မှာတော့ သာကေတ၊ ဒေါပုံ၊ သန်လျင်မြို့နယ်တွေအထိ ရောက်တတ်ပါတယ်။

ဒါဟာ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုန်းရပ်ကွက်တွေမှာ နေ့စဉ် လှုပ်ရှားရုန်းကန်နေရတဲ့ သူ့ဘဝရဲ့ ရှင်သန်ရပ်တည်ရာ နိစ္စဓူဝ အလုပ်တွေပဲဖြစ်ပါတယ်။ ပြောရရင်တော့ မြုံးတွေဟာ ကိုအေးဝင်းရဲ့ ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတွေဆိုလည်း မမှားနိုင်ပါဘူး။

သူ့လိုပဲ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုန်းရပ်ကွက်တွေထဲမှာ ငါးရှဉ့်မြုံးလိုက်ထောင်သူတွေ အများအပြားရှိနေပါသေးတယ်။ သူနေထိုင်တဲ့ ရပ်ကွက်ထဲမှာလည်း ငါးရှဉ့်မြုံးထောင်တဲ့ အပေါင်းအသင်းမိတ်ဆွေ၊ သူငယ်ချင်းတွေ ရှိကြပါတယ်။

ဒါပေမဲ့ ငါးရှဉ့်မြုံးထောင်သူတွေ အချင်းချင်းကတော့ နားလည်မှုတွေနဲ့ ကိုယ့်နေရာနဲ့ကိုယ် ဖမ်းဆီးကြပါတယ်။ ကိုအေးဝင်းဟာ ဖမ်းဆီးရမိတဲ့ ငါးရှဉ့်တွေကို တခြားနေရာမှာ ထွေထွေထူးထူး သွားရောက်ရောင်းချစရာမလိုပါဘူး။ သူနေထိုင်ရာ ရပ်ကွက်ထဲမှာပဲ ငါးရှဉ့်အဝယ်ဒိုင်တွေ ရှိပါတယ်။



“ကျွန်တော်တို့ရပ်ကွက်ထဲမှာ ငါးရှဉ့်ဝယ်တဲ့ဒိုင်က နှစ်ဒိုင်ရှိတယ်။ သူ့ဒိုင်နဲ့သူ ၊ကိုယ့်ဒိုင်နဲ့ကိုယ် ရောင်းကြတယ်။ ကိုယ်ရောင်းနေကျ ဒိုင်မှာပဲရောင်းတယ်” (ကိုအေးဝင်း )



**ကို**အေးဝင်းဟာ ငယ်စဉ်ကတည်းက ငါးရှဉ့်ဖမ်းလာခဲ့တာမဟုတ်ပါဘူး။ အိမ်ထောင်မကျခင်တုန်းက သူဟာ ကြံ့ရာကျပန်းအလုပ်မှန်သမျှကို လုပ်ခဲ့ပါတယ်။ စက်ရုံ၊ ဆောက်လုပ်ရေး လုပ်ငန်းတွေအပါအဝင် သမာအာဇီဝ အလုပ်တွေကို လုပ်ကိုင်ခဲ့တာပါ။

သူ အိမ်ထောင်ကျပြီးနောက်ပိုင်း ကလေးတွေရလာတဲ့အချိန်မှာတော့ ရတဲ့ဝင်ငွေနဲ့ နေ့စဉ်သုံးနေရတဲ့ စားဝတ်နေရေးစရိတ်က မညီမျှတော့တာကြောင့် ငါးရှဉ့်ဖမ်းနေတဲ့ သူငယ်ချင်းတစ်ယောက်ကို တွေ့မြင်ပြီး ဒီလောကထဲကို ခြေစုံပစ်ဝင်လာခဲ့ပါတယ်။

**“သူလုပ်တာမြင်တော့ ငါလည်းလုပ်ကြည့်မယ်လို့ စဉ်းစားမိလိုက်တယ်”**

“သူလုပ်တာမြင်တော့ ငါလည်းလုပ်ကြည့်မယ်လို့ စဉ်းစားမိလိုက်တယ်”လို့ ကိုအေးဝင်းက အရင်ပုံရိပ်ဟောင်းတွေကို ပြေးမြင်မိရင်း ပြောလိုက်ပါတယ်။

သူ အိမ်ထောင်ကျခါစမှာ ဆိုင်ကယ်ကယ်ရီမောင်းတဲ့အလုပ်ကို လုပ်ကိုင်ခဲ့ပါတယ်။ အဲဒီအချိန် ကာလတုန်းက တစ်ရက်ကို ကျပ် (၄,၀၀၀) ကနေ (၈,၀၀၀) လောက်ရပေမယ့် ကုန်ဈေးနှုန်းမတက် သေးတာကြောင့် သူတို့လင်မယားနှစ်ယောက် နေထိုင်စားသောက်ဖို့ အဆင်ပြေခဲ့ပါတယ်။ နောက်ပိုင်းမှာ ကလေး (၅) ယောက်ရပြီး ကုန်ဈေးနှုန်းတွေ အဆမတန်မြင့်တက်လာတာကြောင့် ငါးရှဉ့်ဖမ်းတဲ့အလုပ်ကို ပြောင်းလဲ လုပ်ကိုင်ခဲ့ပါတယ်။

ကိုအေးဝင်းတို့မိသားစုဟာ နေ့စဉ်ရတဲ့ ဝင်ငွေလေးနဲ့ ရောင့်ရဲတင်းတိမ်တတ်ပြီး အစားအသောက် ကိုလည်း ခြိုးခြံချွေတာတတ်ပါတယ်။ မြုံးထဲမှာဖမ်းမိတဲ့ ငါးရှဉ့်တွေကို ရောင်းဖို့ဖယ်ပြီး ပါလာတတ်တဲ့ ငါးရံ့ ခေါင်းတို စတဲ့ငါးတွေကိုတော့ အိမ်မှာမိသားစုနဲ့ စားသောက်ဖို့ ချန်ထားတတ်ပါတယ်။ နေ့စဉ် ဟင်းစားအတွက်က ပူပန်စရာမလိုပါဘူး။





ကိုအေးဝင်းတို့မှာ သား (၃) ယောက်နဲ့ သမီး (၂) ယောက်၊ စုစုပေါင်းကလေး (၅) ယောက်ရှိပြီး အကြီးဆုံး သမီးက အသက်(၁၃)နှစ်အရွယ်သာရှိသေးပေမယ့် ကျောင်းထွက်ကာ အထည်ချုပ်စက်ရုံမှာ အလုပ်ဝင် လုပ်နေပါတယ်။ သမီးအကြီးက မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးနေတာလို့ သူက ပြောပြပါတယ်။

တတိယတန်း ကျောင်းသားတစ်ယောက်နဲ့ စတုတ္ထတန်းကျောင်းသားနှစ်ယောက်ရှိပြီး အငယ်ဆုံးသမီးလေးကတော့ အသက်(၁)နှစ်ကျော်အရွယ်သာ ရှိပါသေးတယ်။ သူ့ရဲ့ ဇနီးကတော့ အိမ်အလုပ်တွေနဲ့ ကလေးထိန်းရင်း နေ့စဉ်ဘဝကို ထိန်းသိမ်းထားပါတယ်။

> “ကိုယ်က စာမတတ်ခဲ့ပေမယ့် ကလေးတွေကို ပညာတတ်ကြီးဖြစ်အောင် ကျောင်းထားထားတယ်”

**“ကိုယ်**ကစာမတတ်ခဲ့ပေမယ့် ကလေးတွေကိုပညာတတ်ကြီးဖြစ်အောင် ကျောင်းထားထားတယ်” လို့ သူ့ရဲ့ ပြောပြချက်က သူ့သားသမီးအပေါ်မျှော်မှန်းထားတဲ့ ရည်မှန်းချက်ကို တွေ့မြင်နိုင်ပါတယ်။

ကိုအေးဝင်းတို့ ရပ်ကွက်ထဲမှာတော့ ငါးရှဉ့်မြုံးရက်လုပ်သူတွေအများအပြားရှိကြပြီး တချို့က ငါးရှဉ့်လိုက်ဖမ်းသလို မြုံးကိုလည်း ကိုယ်တိုင်ရက်လုပ်တတ်ကြပါတယ်။ ဒီလိုငါးရှဉ့်မြုံးတွေဟာ တစ်လုံးကို (၃,၀၀၀)ကျပ် လောက်ပေါက်ဈေးရှိနေပါတယ်။ ငါးရှဉ့်မြုံးတွေကို အရင်တုန်းက ဝါးနဲ့လုပ်ခဲ့ကြပေမယ့် အခု အခါမှာတော့ ပလပ်စတစ်ကြိုးတွေနဲ့ အများဆုံးရက်လုပ်လာကြပါတယ်။

ဒီနှစ်မှာတော့ သူဟာ ငါးရှဉ့်မြုံးအလုံး (၁၅၀) လောက်ဝယ်ယူထားရပြီး ပိုက်ဆံနဲ့ဆို ကျပ် (၄)သိန်း ကျော်လောက် ရင်းနှီးထားရပါတယ်။ ဘေးတွဲဆိုင်ကယ်နဲ့ နေရာအနှံ့လိုက်သွားနေတာကြောင့် နေ့စဉ် ဆိုင်ကယ် ဆီဖိုးကုန်ကျစရိတ်ကလည်း ရှိနေပြန်ပါတယ်။

ငါးရှဉ့်ဖမ်းသူတွေမှာ ကြုံတွေ့ရတတ်တဲ့ကိစ္စတစ်ခုကတော့ ငါးရှဉ့်မြုံးတွေ အခိုးခံရလို့ ပျောက်သွားတတ်တာပဲဖြစ်ပါတယ်။ ကိုအေးဝင်းဆို မြုံးတွေအခိုးခံရပေါင်း မနည်းတော့ပါဘူး။ ပျောက်လိုက်၊ ဝယ်ထည့်လိုက်နဲ့ သံသရာလည်နေကြပါတယ်။ အခုဆို သူ့မှာ ငါးရှဉ့်မြုံး (၄၇) ပုံးလောက်ပဲ ကျန်ပါတော့ တယ်။ အရင်နှစ်တွေတုန်းကတော့ မြုံး (၂၀၀) ကနေ (၃၀၀) လောက်ထိ ရင်းနိုင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ အဲဒီ လောက်ထိ မရင်းနိုင်တော့ပါဘူး။





> “တချို့က ငါးရှဉ့်လိုချင်လို့ မြုံးလိုက်ခိုးသွားကြတာ”

“တချို့က ငါးရှဉ့်လိုချင်လို့ မြုံးလိုက်ခိုးသွားကြတာ။ တချို့ဆို ကိုယ့်ဆီကခိုးသွားတဲ့ မြုံးကို နောက်နေ့ ကိုယ်ဆီကို လာပြန်ရောင်းတာရှိသေးတယ်” လို့ သူက ပြောပြပါတယ်။

ငါးရှဉ့်မြုံးတင်မကပါဘူး။ သူတို့စီးလာကြတဲ့ ဆိုင်ကယ်တွေ၊ စက်ဘီးတွေလည်း အခိုးမခံရအောင် ငါးဖမ်းရင်း စောင့်ကြည့်နေကြရပါတယ်။ အရှေ့မှာ မြုံးထောင်တုန်း အနောက်မှာ စက်ဘီးအခိုးခံရသူတွေလည်း မနည်းတော့ပါဘူး။ ဒါ့ကြောင့်လည်း ငါးရှဉ့်မြုံးထောင်ရင် အဖော်တစ်ယောက်ကို ခေါ်လာခဲ့ကြတာပါ။

သူတို့ရပ်ကွက်ထဲမှာတော့ ဘေးတွဲဆိုင်ကယ်နဲ့ ငါးရှဉ့်မြုံးထောင်တာ ကိုအေးဝင်းတစ်ယောက်ပဲရှိပါတယ်။ ကျန်တဲ့သူတွေကတော့ စက်ဘီးတွေကိုပဲ အသုံးပြုကြပါတယ်။ ဘေးတွဲဆိုင်ကယ်နဲ့ ခရီးတွင်ပေမယ့် ဖမ်းဆီးခံရမှာလည်း ကြောက်နေရတယ်လို့ သူကဆိုပါတယ်။



သူတို့လို ရိုးရိုးသားသားနဲ့ ငါးရှဉ့်မြုံးထောင်သူတွေကို သူခိုးလို့ အထင်ခံရပေါင်းလည်း မနည်းတော့ပေ။ တချို့အိမ်ရှင်တွေဆို ပစ္စည်းပျောက်ရှမှာစိုးလို့ဆိုပြီး သူတို့ကို ငါးရှဉ့်မဖမ်းခိုင်းဘဲ မောင်းထုတ်တတ်ကြတယ်လို့ ကိုအေးဝင်းက ပြောပြပါတယ်။

ကိုအေးဝင်းဟာ မြုံးတွေကို တန်ခူးလလောက်ကစပြီး ဝယ်ယူရင်နှီးထားကာ ငါးရှဉ့်ဖမ်းဆီးတာကို စခဲ့ပါတယ်။ သူတို့ဘဝတွေဟာ (၁၂)လ ရာသီ တစ်နှစ်ပတ်လုံး ဖမ်းဆီးကြပြီး နားရက်ဆိုတာ နေထိုင်မကောင်း ဖြစ်မှသာ နားကြရပါတယ်။

သူတို့ ငါးရှဉ့်ဖမ်းဆီးရမိနှုန်းက တစ်ရက်နဲ့ တစ်ရက် မတူကြပါဘူး။ သုံးပိဿာ ရတဲ့နေ့ရှိသလို နှစ်ပိဿာ၊ တစ်ပိဿာ ရတဲ့နေ့တွေလည်း ရှိတတ်ပါတယ်။ ငါးရှဉ့်အဝယ်ဒိုင်တွေကတော့ တစ်ပိဿာကို ကျပ်(၁၇,၀၀၀)ထိ ဈေးပေးပြီး ဝယ်ယူကြပါတယ်။



ဒီလိုဖမ်းမိတဲ့ငါးရှဉ့်တွေထဲမှာ ဆိုဒ်အကြီးဆုံးက (၃၀)ကျပ်သားရှိပြီး အသေးဆုံးဆိုဒ်ကတော့ လက်သန်းလုံးလောက်သာရှိပေမယ့် ရောင်းချလို့ရပါတယ်။

ငါးရှဉ့်ဖမ်းတဲ့အခါ အရေးကြီးဆုံးက အစာဖြစ်တယ်လို့ ကိုအေးဝင်းကပြောပါတယ်။ သူကတော့ နာနတ်သီး၊ ခရုနဲ့ တီကောင်တွေကို ရောစပ်ပြီး (၅)ဂါလံဆံ့ကော်ပုံးအဝါထဲမှာ သစ်သားတုံးနဲ့ ထောင်းပြီး ငါးရှဉ့်အစာအဖြစ်လုပ်ပါတယ်။

“ခရုကပေါတယ်။ ဒါပေမဲ့တီကောင်က ရှားတယ်” လို့ သူကဆိုပါတယ်။

နာနတ်သီးတစ်လုံးကို အနည်းဆုံး (၁,၅၀၀)ကနေ အများဆုံး ကျပ် (၂,၅၀၀)အထိ ဈေးပေးပြီး ဝယ်ယူနေရပါတယ်။ နာနတ်သီးနဲ့ လုပ်တဲ့အစာကို ငါးရှဉ့်တွေကပိုပြီး ကြိုက်ကြတယ်လို့ ဆိုပါတယ်။ အရင်တုန်းက မဆလာ၊ ထမင်းချဉ်ဖောက်နဲ့ အစာလုပ်ပြီး စမ်းကြည့်ပေမယ့် အခုလို နာနတ်သီး၊ ခရု၊ တီကောင်ရောစပ် ထားတဲ့အစာဟာ အကောင်းဆုံးပဲဖြစ်ပါတယ်။

“ငါးရှဉ့်တွေကရေကြည်မှ မြုံးထဲကို ငါးဝင်တယ်။ အစာဆိုလည်း အနံ့သင်းနေမှ” လို့ ကိုအေးဝင်းက ဆိုပါတယ်။

ကုန်ဈေးနှုန်းမြင့်တက်လာတာကြောင့် နာနတ်သီးမဝယ်နိုင်တဲ့ တချို့ငါးရှဉ့်မြုံးထောင်သူတွေကတော့ နာနတ်သီး အစား မအူသီးကိုပဲ သုံးကြပါတယ်။ ဒါပေမဲ့ နာနတ်သီးနဲ့ ဖမ်းတာလောက် ငါးရရှိနှုန်း မကောင်းကြပါဘူး။

သူ့ရဲ့ငါးရှဉ့်မြုံးထောင်တဲ့အလုပ်ကတော့ မိသားစုစားဝတ်နေရေးအတွက် ပြေလည်အောင်ဖြေရှင်းနိုင်ပေမယ့် စိန်ခေါ်မှုတွေကတော့ ပြည့်နှက်လို့နေပါတယ်။ ဒီစိန်ခေါ်မှုတွေရဲ့ အဓိကပြဿနာကတော့ ငါးရှဉ့်ဖမ်းဆီးရရှိနှုန်းက တစ်နှစ်ထက် တစ်နှစ် ကျဆင်းလာနေတာပါ။

“အရင်နှစ်တွေက တစ်ရက်ကို အနည်းဆုံး (၇) ပိဿာ၊ (၈) ပိဿာလောက်ရတယ်။ ဒီနှစ်တော့ (၃) ပိဿာ၊ (၄) ပိဿာ ရတာအများဆုံးပဲ။ တစ်နှစ်နဲ့တစ်နှစ် (၂) ပိဿာလောက် ဆုတ်ဆုတ်လာတယ်” လို့ ကိုအေးဝင်းက ညည်းတွားပြောပြပါတယ်။

သူ့ရဲ့စကားအရဆိုရင်တော့ ငါးသားပေါက်ရာသီမှာ အလွန်အကျွံဖမ်းဆီးတာတွေကြောင့် ငါးမျိုးရှားပါးလာခြင်းပဲ ဖြစ်ပါတယ်။

ကိုအေးဝင်းတစ်ယောက် ဒီငါးရှဉ့်ဖမ်းတဲ့အလုပ်ကို လုပ်ကိုင်လာခဲ့တာ (၁၂)နှစ်ကျော်လာခဲ့ပြီပဲဖြစ်ပါတယ်။ တခြား အလုပ်ကြမ်းတွေက မတည်ငြိမ်တာနဲ့ စားဝတ်နေရေးအတွက် အဆင်မပြေတာကြောင့် သူဒီအလုပ်ကိုပဲ ရွေးချယ်ခဲ့တာလို့ ပြောပြပါတယ်။

သူဟာ ဆင်ခြေဖုန်းရပ်ကွက်တွေထဲမှာ (၃-၄)နှစ်လောက် လိုက်ထောင်နေပေမယ့် ငါးရှဉ့်ရရှိနှုန်းက တဖြည်းဖြည်း နည်းပါးလာပါတယ်။ အရင်မြေကြီးမြောင်းတွေနေရာတွေမှာ အခုအုတ်မြောင်းတွေ အစားထိုးလာတာကလည်း ငါးရှဉ့်တွေရဲ့ နေထိုင်ရာနေရာကို ထိခိုက်လာစေပါတယ်။ ဒါ့အပြင် ဘက်ထရီရှော့တိုက်ပြီး လိုက်ဖမ်းသူတွေကြောင့်လည်း ငါးမျိုးစိတ်တွေ ရှားပါးလာနေပါပြီ။

မိုးဦးကျရာသီကာလဖြစ်တဲ့ ကဆုန်နဲ့ နယုန်လတွေမှာ ငါးရှဉ့်တွေအရများပေမယ့် ဆောင်းရာသီနဲ့ နွေရာသီမှာတော့ ရေခမ်းတာကြောင့် အရနည်းသွားတတ်ပါတယ်။

“ကန်စွန်းစိုက်ခင်းရှိတဲ့နေရာမှာ မြုံးမထောင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကန်စွန်းကန်မှာ ပိုးသတ်ဆေး သုံးထားတဲ့အတွက် ငါးရှဉ့်တွေက မလာဘူး။ ပိုးသတ်ဆေးမရှိတဲ့ရေထဲမှာပဲ လိုက်ထောင်ရတယ်” (ကိုအေးဝင်း)



**မိုး**ဦးကျရာသီကာလမှာ ဘက်ထရီရှော့တိုက်ပြီး ငါးဖမ်းတဲ့သူတွေကြောင့် ကိုအေးဝင်းရဲ့ ငါးရှဉ့်မြုံးတွေ (၁၅)လုံးလောက် ပျောက်သွားခဲ့ဘူးကြောင်း ပြောပြပါတယ်။

ဆောင်းဦးပေါက်ရာသီရောက်ရင်တော့ ငါးရှဉ့်မြုံးတွေထဲကို မြွေတွေဝင်လာတတ်ပေမယ့် အလွန်အဆိပ်ပြင်းတဲ့ မြွေမျိုးတော့မပါလာတတ်ပါဘူး။

“မြုံးခေါက်ကြည့်ရင် မြွေနဲ့ ငါးရှဉ့်ကို ခွဲခြားလို့ရတယ်။ မြွေကပျော့ပြီး ဘတ်ဘတ်နဲ့မြည်တယ်။ ငါးရှဉ့်ကတော့ ဂလောက်ဂလောက်နဲ့ မြည်တယ်”လို့ သူက ရယ်ပြီးပြောပါတယ်။

ငါးရှဉ့်တွေဟာ အမျိုးသားတွေအဖြစ်များတဲ့ ဒူလာအတွက် ဆေးဘက်ဝင်တယ်လို့ ယုံကြည်ကြတာကြောင့် အခုလို ဝင်ငွေကောင်းနေရခြင်းပဲဖြစ်ပါတယ်။ အသက်(၅၀)၊ (၆၀)ကျော်အရွယ် လူကြီးတွေတောင် ဒီငါးရှဉ့် မြုံးထောင်တဲ့အလုပ်ကို လုပ်ကိုင်လာကြပါတယ်။ ကိုအေးဝင်းကတော့ အသက် (၃၉)နှစ်ပဲရှိပါသေးတယ်။



**သူ့**ရဲ့နေ့စဉ်ပုံမှန်ဝင်ငွေကတော့ တစ်ရက်ကို (၄-၅)သောင်းလောက်ရပြီး အိမ်စရိတ်က တစ်ရက်ကို (၃) သောင်းလောက် ကုန်ကာ အိမ်ငှားခက တစ်လကို (၇)သောင်းပေးရပါတယ်။ ဖျားနာလို့ ငွေပိုငွေလျှံ မရှိတဲ့ အခါမျိုးဆိုရင်တော့ သွင်းနေကြ ငါးရှဉ့်ဒိုင်တွေဆီကနေ ခေါက်ပြန်ကြေးသဘောမျိုးနဲ့ ပိုက်ဆံချေးပြီး ငါးရှဉ့်သွားသွင်းတဲ့အခါ ခွဲပြီးပြန်ဆပ်လေ့ရှိကြတယ်လို့ သူက ပြောပါတယ်။

တချို့ငါးရှဉ့်မြုံးထောင်သူတွေကတော့ ငါးဖမ်းတဲ့အလုပ်အပြင် တခြားအလုပ်တွေပါတွဲလုပ်ကြပေမယ့် ကိုအေးဝင်းကတော့ ဒီအလုပ်ကိုပဲ တစ်စိုက်မတ်မတ်လုပ်ကိုင်လာပါတယ်။





ငါးရှဥ့်တွေရဲ့ ဈေးက နှစ်စဉ်ဈေးတက်လာပြီး ဒီနှစ်ဆို တစ်ပိဿာ (၃၅,၀၀၀) ကျပ်လောက်ထိ ရဖွယ်ရှိပါတယ်။ ဒါပေမဲ့ သူတို့လိုငါးရှဥ့်မြုံးထောင်သူတွေက အမှန်တကယ်ငွေရှာလို့ရတဲ့သူတွေ မဟုတ်ပါဘူး။ တရုတ်ပြည်ကို လေယာဉ်နဲ့ ငါးရှဥ့်တင်ပို့တဲ့လုပ်ငန်းတွေက ဝင်ငွေပိုရနေကြပါတယ်။

ဝင်ငွေဘယ်လောက်ရရ ကိုအေးဝင်းအတွက်တော့ ဒီငါးရှဥ့်မြုံးထောင်တဲ့အလုပ်ဟာ သူ့မိသားစုရဲ့ အနာဂတ်အတွက် တစ်ရက်မလပ် ဆက်လက်ရှာဖွေနေရတဲ့ ဘဝတစ်ခုဖြစ်နေပါတယ်။

နေဝင်ပြီဆိုတာနဲ့ ကိုအေးဝင်းတစ်ယောက် နောက်တစ်နေ့ရဲ့ မျှော်လင့်ချက်တွေအတွက် အသက်ဆက်နေရဦးမှာပါ။ သူ့ရဲ့မြုံးတွေထဲမှာ သူကိုယ်တိုင်လုပ်ထားတဲ့ အစာတွေကိုထည့်ကာ ရေမြောင်းတစ်လျှောက်နဲ့ ရေအိုင်တွေမှာ မြုံးထောင်ရင်း တစ်နေ့တာအတွက်အလုပ်ရှုပ်နေရဦးမှာ ဖြစ်ပါတယ်။

ဒီအလုပ်က သူ့အတွက်မပြီးဆုံးနိုင်သေးတဲ့ ဘဝသံသရာတစ်ခုပါပဲ။ သူ့ဘဝမှာ ပိုင်ဆိုင်တာဆိုလို့ မိသားစု၊ ဘေးတွဲဆိုင်ကယ်တစ်စီးနဲ့ ငါးရှဥ့်မြုံးတွေပဲဖြစ်ပါတယ်။

ငါးရှဥ့်မြုံးထောင်ရင်း သူ့ဘေးနားမှာလိုက်ပါအဖော်ပြုပေးနေတဲ့ ဇနီးနဲ့ သားသမီးတွေကိုကြည့်ကာ တစ်နေ့တာအတွက် ကျေနပ်ပီတိနဲ့ ပြေသိမ့်နေရပါတော့တယ်။